ဝင်းကြီးကျေးရွာ

ဝင်းကြီးကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇-၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝင်းကြီးကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	၁
စကားချီး	၅
ဝင်းကြီး ကျေးရွာ **အရင်းအမြစ်ပြမြေပုံ၊** ဝန်းသိုမြို့နယ်	၇
ဝင်းကြီး ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်၊** ဝန်းသိုမြို့နယ်	၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၁
(ခ) သဘာဝအရင်းအမြစ်များ ၁၁
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ
(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁
(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂
(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃
(င) ကျန်းမာရေးနှင့် အာဟာရ ၁၃
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၃
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၄
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၄
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၅
(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၆
(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၆
(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၆
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၇
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၇
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့် ဆက်သွယ်ရေး ၁၈
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၁၉
(ဋ္ဌ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၉
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၀
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၀
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၂
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၃
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၃
(ဂ) ဦးစားပေး စီမံချက်များ ၂၄
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၆
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၇
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၂၇
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၇
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၂၈
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း ၂၈
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၂၉
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၀

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၁
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၃၂
ရည်ညွှန်းချက်များ ၃၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၃ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၃၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်းပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝင်းကြီး ကျေးရွာ
ဝင်းကြီး ကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

ဝင်းကြီးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- ဝင်းကြီးကျေးရွာအရင်းအမြစ်ပြမြေပုံ - ဝင်းကြီးကျေးရွာ၊ ဝင်းကြီးကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)



လ/ အလုပ်အကိုင်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင် ☺😐☹												
										ငွေပင် ကောင်းသည်		
		ရေ အသုံး လ/										
		ခြေပ သိမ်းသည်	မျိုးစထောင	ကောက်စိုက် လ/					စပါး သိမ်းသည်	ခြေပ စိုက်သည်		
		ရေ အကျား သုံး		ရေပေါ် သည်	ရေပေါ် ကား လ/							
	တောက်တုပ် ရောဂါ လ/											
သီးနှံပိုးမွှားရောဂါ ကျရောက်မှု						ခိုင်ရပ်ပိုး						ပိုးကျမှုများ
								ကထိန်ပွဲ တော်			ဒီဘွဲ့	တပေါင်းပွဲတော်
သဘာဝ ဘေးအန္တရာယ်		ဂေ										

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

`ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွား မည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ဝင်းကြီး ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်၊ ဝန်းသိုမြို့နယ် ဝင်းကြီး အုပ်စုတွင်တည်ရှိပါသည်။ ရွာ၏ အနောက် ဘက်တွင် မှန်ကင်းတောင်တန်းကြီးရှိပြီး ထိုတောင်တန်းမှ တောင်ကျချောင်းရေ တစ်ခုရွာအတွင်းသို့ စီးဆင်း ဖြတ်သန်းသွားရာ မိုးများသောအချိန်တွင် ထိုးချောင်းမှ ရေလျှံလာပြီး ရွာမှနေအိမ်ဝင်းများ ရေနှစ်မြုပ်ပါသည်။ ရွာ၏အရှေ့ဘက်တွင် ဘုန်းတော်ကြီးကျောင်းနှင့် လယ်ကွင်းများ ရှိပါသည်။ရွာ၏တောင်ဘက်တွင် သင်တောရွာ နှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၊ စာသင်ကျောင်းနှင့် ကောလင်း- ပင်လည်ဘူးကားလမ်း ရှိပါ သည်။ ရွာ၏ မြောက်ဘက်တွင်ဝန်းသို-ကောလင်း-ပင်လည်ဘူး ကားလမ်းနှင့် လယ်ကွင်းများရှိပါသည်။စိုက်ပျိုးရေးကို အခြေ ခံပြီး လုပ်ကိုင်စားသောက်နေထိုင်သည့်ရွာ ဖြစ်ခြင်းကြောင့် ရွာဘေးပတ်လည်တွင် လယ်ကွင်းများရှိပါသည်။ မိုးရေကိုသာ အဓိကအားထားရသော မိုးရေခံလယ်များဖြစ်ပြီး မိုးရာသီတွင်သာ စိုက်ပျိုးကြရပါသည်။

(ခ) သဘာဝအရင်းအမြစ်များ ။ ကျေးရွာအနီးတွင်သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ အလွန်နည်းပါးပါသည်။ရွှေလုပ်ငန်းလုပ်ကိုင်ကြသော်လည်းအလွန်ရှားပါးသောကြောင့် အသုံးချနိုင်မှုမှာ ခက်ခဲပါသည်။ ရွာနံဘေးရှိချောင်းထဲမှ ကျောက်၊သဲ၊ကျောက်စရစ်တို့အနည်းငယ်ရှိပြီး အသုံးချနိုင်မှုများရှိပါသည်။သဘာဝအပင်မျိုးစိတ်များ၊နွားစာ၊ဆေးဘက်ဝင်အပင်များအသင့်အတင့်ရှိပါသည်။သဘာဝတိရစ္ဆာန်မျိုးစိတ်များရွာနှင့်အနီးတဝိုက်တွင်တွေ့ရှိရန်အခွင့်အလမ်းနည်းပါးပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။ ။ ဝင်းကြီးကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၁၆၅)စုရှိပါသည်။နေထိုင်သူများတွင် ၁နှစ်အောက် နို့စို့အရွယ် ကျား ၇ယောက်၊မစယောက်ရှိပါသည်။၁နှစ်မှ၅နှစ်အောက် ကလေးငယ် ကျား၃၆ ယောက်၊ မ၃၅ယောက်ရှိပါသည်။၅နှစ်မှ၁၀နှစ်ထိ မူလတန်းကျောင်းသားအရွယ် ကျား ၄၁ ယောက်၊မ ၃၄ ယောက် ရှိပါသည်။ ၁၀နှစ်မှ၁၅နှစ်အလယ်တန်း ကျောင်းသားအရွယ် ကျား၅၂ ယောက်။ မ၃၃ယောက် ရှိပါသည်။ ၁၅နှစ်မှ၆၅နှစ် အရွယ် အလုပ်လုပ်နိုင်သည့် ကျား၂၉၀၊မ ၃၃၁ ယောက် ရှိပါသည်။၆၅နှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား ၁၆၊မ ၂၅ ယောက်ရှိပါသည်။စုစုပေါင်း ကျား၄၄၂၊ မ ၄၆၆ ယောက် ရှိပြီး ရွာတွင် ကျား၊မ စုစုပေါင်း ၉၀၈ယောက် နေထိုင်ကြပါသည်။နို့စို့အရွယ်ကလေးများအနေဖြင့် ကျန်းမာပြီးသန်စွမ်းကြပါသည်။ မူလတန်း၊အလယ်တန်းကျောင်းသား အရွယ်ကလေးများအနေဖြင့်ဆက်လက် ပညာသင်ကြားလျက်ရှိပါသည်။ သက်ကြီးရွယ်အို များလည်းကျန်းမာလျက်ဘာသာရေးလုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။

စီးပွားရေးအခြေအနေနှင့်ဝင်ငွေ။ ။ ဝင်းကြီး ကျေးရွာတွင်အိမ်ထောင်စု(၁၆၅)အိမ်ထောင်ရှိသည့်အနက်(၁၂၄) အိမ်ထောင်စုမှာလယ်ယာစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီးကျန်

အိမ်ထောင်စုများမှာ ရာသီအလိုက်ကျပန်းလုပ်ကိုင်ကြရသည်။ ကျေးရွာသည်စိုက်ပျိုးကို အဓိကထား လုပ်ကိုင်သော်လည်း ဝင်ငွေနည်းပါးပါသည်။ ပြည်သူဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်သာရှိပြီး နေ့စား၊လစားများ ပိုများသဖြင့် ကျေးရွာ၏ လူဦးရေနှင့်ဝင်ငွေများ မျှတမှု မရှိပါ။ မြေပိုင်ယာပိုင်မရှိသူများသည်စပါးရိတ်၊ ကောက်စိုက်၊ ပျိုးနုတ်၊အခြားကျပန်း၊ ကြုံရာကျပန်း ရရာအလုပ်များ လုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြပါသည်။ လယ်ယာစိုက်ပျိုးရေးတွင် ကောက်စိုက်ခြင်း၊ ပျိုးနှုတ် ခြင်းလုပ်ငန်းများလုပ်ငန်းများတွင်နေ့စား ကျား (၇၀၀၀မှ၅၀၀၀)နှင့် မ(၃၀၀၀မှ ၁၅၀၀)ကျပ်ရရှိပါသည်။ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်အားခအဖြစ် ကျား(၄၅၀၀မှ၄၀၀၀) နှင့် မ (၃၅၀၀မှ ၃၀၀၀) သာရရှိပါသည်။ လက်သမား၊လက်သမားပန်းရံ လုပ်ငန်း များတွင်ကျား (၅၀၀၀မှ ၄၀၀၀)နှင့် မ(၃၅၀၀မှ၂၅၀၀)သာရရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မ လုပ်အားခကွာဟမှု မြင့်သည်ဟု ထင်မြင်သုံးသပ်မိပါသည်။

ကျေးရွာတွင်ဥစ္စာဓနအခြေအနေအရ အဆင်ပြေသော အိမ်ထောင်စု(၅၄)အိမ်၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၄၅)အိမ်နှင့်မပြေလည်သောအိမ်ထောင်စု(၅၅)အိမ်ထောင်စု နှင့် အလွန်အဆင်မပြေသောအိမ်ထောင်စု(၉)အိမ် ရှိပါ သည်။ ဥစ္စာဓနအဆင့်သတ်မှတ်ထားသော်လည်း နေအိမ်အခြေအနေများမှာ သွပ်မိုးပျဉ်ထောင်ဖြစ် ပြီးကျန်နေအိမ်များမှာ ထရံကာအိမ်မျှသာဖြစ်ကြပါသည်။

ပိုင်ဆိုင်မှုနှင့်မမျှတမှု။ ။ ကျေးရွာတွင် အိမ်ထောင်စု (၁၆၃)စု ရှိသည့်အနက် မြေယာမဲ့အိမ်ထောင်စု (၃၆)စု၊ဆင်းရဲသားတောင်သူအိမ်ထောင်စု(၁၈)စုတောင်သူငယ်အိမ်ထောင်စု(၄၇)စု၊ တောင်သူလတ် အိမ်ထောင်စု(၅၉)စု၊တောင်သူကြီးအိမ်ထောင်စု(၃)စုရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးမြေလုံလောက်မှုမရှိသည်ကို တွေ့ရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ဝင်းကြီးကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း(၁၆၃)အိမ်ရှိပါသည်။ ကျေးရွာ၏ သုံးပုံတစ်ပုံမှာ စီးပွားရေးအဆင်မပြေသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျန်နှစ်ပုံမှာ အဆင်ပြေသည်ဟုဆိုသော်လည်း စီးပွားရေးအခက်အခဲမှာအနည်းငယ်နှင့် အများရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင်ရှိသောကျေးရွာသူနည်းစုမှာ အခြားဒေသများသို့သွားရောက် အလုပ်လုပ်ကြရပါသည်။ ထိုသို့သွားရာတွင် အခက်အခဲပေါင်းစုံနှင့် ရင်ဆိုင်ကြုံတွေ့ကြရပါသည်။အဆင်မပြေသောအိမ်များသည်လယ်ယာမြေ ပိုင်ဆိုင်မှုမရှိ သဖြင့် ဝင်ငွေရသော မည်သည့်အလုပ်မဆို ကြုံရာကျပန်းလုပ်ကိုင်၍အသက်မွေးရပါသည်။ ၄င်းအိမ်ထောင်စုများအနေ ဖြင့်အထောက်အပံ့ယူခြင်း၊ချေးယူခြင်း နှင့်လုပ်အားခကြိုယူဖြင့် ဝမ်းစာကို ဖြည့်တင်းကြပါသည် ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော(၆၄)နှစ်အထက်သက်ကြီးရွယ်အို ကျား(၁)၊မ (၂)ဦး ရှိရာကျေးရွာ မှအထိုက်လျောက်ကူညီပေးကြပါသည်။ ကျေးရွာ၏စားနပ်ရိက္ခာ မဖူလုံမှုမှာ အလယ် အလတ်တန်းစားတွင်ရှိပါသည်။

သဘာဝရင်းမြစ်အဖြစ် မြေနှင့်စိုက်ပျိုးရေ ရှားပါးမှုများရှိပါသည်။ ကျွန်တော်တို့ကျေးရွာနံဘေးရှိ ချောင်းသည် တောင်ကျချောင်းဖြစ်သဖြင့် မိုးများလျှင်ရေကြီး ရေလျှံမှုများဖြစ်သဖြင့် ကျေးရွာ၏ မြောက်ဘက်ခြမ်းသည် ရေများလွှမ်းမိုးခြင်းများကို နှစ်စဉ် ကြုံတွေ့နေကြရပါသည်။ သစ်တောပြုန်းတီးမှုများကြောင့် ရာသီဥတုမမှန်ခြင်း၊မိုးခေါင်ခြင်းများကို ကြုံတွေ့နေကြရပါသည်။ ရေကြီးခြင်း၊မိုးခေါင်ခြင်းတို့ကြောင့် သီးနှံများဆုံးရှုံးခြင်း၊ သီးနှံထွက် နှုန်းများကျဆင်းခြင်း များခံစားကြရပါသည်။ မြေဆီလွှာပျက်စီးမှုများမြင့်မားပါသည်။ ကျေးရွာတွင် ငှက်ဖျားနှင့် တီဘီ ဖြစ်ပွားသူအနည်းငယ်ရှိပါသည်။ ဆေးစွဲသူအနည်းငယ်ရှိသဖြင့်ကိုယ်ခံအားကျ ဆင်းမှုရောဂါ အနည်းငယ်ရှိပါသည်။ မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား များ၊ကျပန်းများ အနေဖြင့်ထိခိုက်သက်ရောက်မှု အလယ်အလတ်အဆင့်တွင်တည်ရှိပါသည်။

(ဃ) ပညာရေးနှင့်ကျွမ်းကျင်မှုများ။ ။ဝင်းကြီးကျေးရွာတွင်စာမတတ်သူ အမျိုးသား(၉)ဦး၊အမျိုးသမီး (၈)ဦး ရှိပါသည်။စာတတ်မြောက်မှုအခြေအနေ၏မှာ မူလတန်းအဆင့် ကျား(၂၃၁)၊ မ(၂၇၅)၊ အလယ်တန်းအဆင့် ကျား(၁၁၆)၊ မ(၈၅)ဦး ၊အထက်တန်းအဆင့် ကျား(၂၈)၊ မ(၂၆) ၊တက္ကသိုလ်အဆင့် ကျား(၉)၊မ(၂၇) ဦးရှိပါသည်။ယခုလက်ရှိတွင်မူလတန်းအဆင့်ကျား (၃၃)မ(၃၄)၊ အလယ်တန်းအဆင့် ကျား(၃၈)မ(၂၄)ဦး၊အထက်တန်းအဆင့် ကျား(၁၁)မ(၁၄)ဦး၊ တက္ကသိုလ်/ ကောလိပ်အဆင့် ကျား(၄)မ(၁၀)ဦး စုစုပေါင်း (၁၆၈)ဦးပညာသင်ကြားလျက်ရှိပါသည်။ ။ ဝင်းကြီးကျေးရွာမှ(၁)မိုင်ခန့်ကွာဝေးသော သင်တောကျေးရွာ အလယ်တန်းကျောင်းသို့သွားရောက် စာသင်ကြရပါသည်။ ကျေးရွာနှင့် ၁မိုင်ခန့်အကွာအဝေးတွင်တည်ရှိပါသည်။ အထက်တန်းအဆင့်ကို ဝန်းသိုမြို့နယ်ရှိ အထက်တန်းကျောင်းသို့ သွားရောက်၍ ပညာသင်ကြားရပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ဝင်းကြီးကျေးရွာတွင် ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုတ်ကွေးရောဂါ၊ ငှက်ဖျားရောဂါနှင့်သွေတိုးရောဂါများမှာ ရံဖန်ရံခါဖြစ်ပွားလေ့ရှိပြီးဖြစ် ပွားမှုအခြေအနေသည် သာမာန်မျှသာဖြစ်ပါးကြောင်းသိရပါသည်။ ကျန်ရောဂါများမှာဖြစ်ပွားမှု နည်း၍အာဟာရချို့တဲ့ဖြစ်ပွါးမှုနိမ့်ပါသည်။ ရွာသူရွာသားများသည် ကျန်းမာရေး အသိပညာ ဗဟုသုတနည်းပါးလှပါသည်။ သို့ဖြစ်ပါ၍ ကျန်းမာရေးဌာနမှ ကျန်းမာရေးဆိုင်ရာ အသိပညာ ဟောပြောပွဲများ ကွင်းဆင်းပြုလုပ်ပေးရန် လိုအပ် နေပါသည်။ရွာတွင်ကျန်းမာရေးဌာနခွဲမရှိသဖြင့် အခြားကျေးရွာသို့သွားရောက်ကုသမှုခံယူကြရပါသည်။ အချို့ရောဂါများအတွက် ကာကွယ်ဆေး ထိုးနှံမှုရှိပြီး ၊အချို့ ရောဂါများအတွက် ကာကွယ်ဆေး ထိုးနှံမှုမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ အာဟာရပညာပေးအစီအစဉ်မရှိပါ။ ကျွန်တော်တို့ရွာရှိ မွေးကင်းစကလေးများကိုအခြားကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ကာကွယ်ဆေးများသွားရောက်ထိုးနှံကြပါသည်။ရွာသူ/ရွာသားများ ကျန်းမာရေး၊ ဖျားနာလျှင် ၅မိုင်ခန့်ကွာဝေးသောဝန်းသိုမြို့နယ်ဆေးရုံနှင့်၁၈ မိုင်အကွာရှိ ကောလင်းမြို့နယ် ဆေးရုံသို့သွားရောက် ၍ကုသကြပါသည်။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ။ကျွန်တော်တို့ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များတွင်အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်ကြသည်ဟု ဆိုသော်လည်း ကျေးရွာ

ခေါင်းဆောင် မှုတွင် ပါဝင်မှုမရှိပါ။အမျိုးသမီးများသည် သာရေး/နာရေး/ဘာသာရေး ကိစ္စရပ်များတွင် ချက်ပြုတ် ဧည့်ခံ ကျွေးမွေးခြင်း လုပ်ငန်းများ၌ တက်ကြွစွာ ပါဝင် ဆောင်ရွက် လျှက်ရှိပါသည်။ အမျိုးသမီးများသည် သံသယဖြစ်ဖွယ် အကြမ်းဖက်မှု များမတွေ့ရှိရပါ။ အမျိုးသမီး ရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့်တရားမျှတမှုဆိုင်ရာ လူထု၏ အသိအမြင်မှာ ထိုက်သင့် သလောက်ရှိပါသည်။ကျေးရွာရှိ အမျိုးသမီးများအနေဖြင့် ဓမ္မစကူးလ်၊ဓမ္မစကြံ့ စသည့် ဘာသာရေးအဖွဲ့များ၌ တက်ကြွစွာပူးပေါင်းပါ ဝင်ကြပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကိုသိရှိခြင်းအားဖြင့်နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ကျေးရွာတွင်ဓမ္မစကြံ့၊ ပြည်သူ့စစ်၊ သမအဖွဲ့ အစည်း ၊ လူငယ်အဖွဲ့နှင့်ဂေါပက အဖွဲ့ဟူ၍ အဖွဲ့အစည်း(၅)ဖွဲ့ရှိပါသည်။ ကျေးရွာတွင်ကျေးရွာ ဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်တက်ညီ လက်ညီဖြင့်တစ်ရွာလုံးဆောင်ရွက်ကြပါသည်။

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ(၄၉၄.၀၄)ဧက ဖြစ်ပြီးမိုးရေကိုသာလက်ရှိအသုံးပြုရသည့်အတွက် မိုးစပါးကိုသာစိုက်ပျိုးနိုင်ပါသည်။ယာမြေတောင် ယာမြေမှာလည်းကောင်းမွန်မှုနည်းပါးပါသည်။ချဲ့ထွင်လုပ်ကိုင်နိုင်သော ယာကွက်များမရှိပါ။ လယ် မြေ၊တောင်ယာမြေများစုစုပေါင်းဧက(၆၇၃.၅၄)ဖြစ်ပါသည်။ကျေးရွာတွင်အစိုးရနှင့် ရေအရင်းအမြစ် များမှ ရေသွင်းပေးနိုင်သည့်ဧရိယာများမရှိပါ။ကျေးရွာ၏ရေအရင်းအမြစ်မှာမိုးရေများမှ သာစိုက်ပျိုး ၍ရသော မိုးရေခံလယ်များဖြစ်ကြပါသည်။ ကျွန်တော်တို့ရွာ၏ အဓိကသီးနှံအထွက်နှုန်းမှာ အများ ဆုံး (၇၅)တင်းဖြစ်ပြီးအနည်းဆုံးမှာ(၃၅)တင်းဖြစ်ပါသည်။ပျမ်း မျှအထွက်နှုန်း မှာ(၄၅)တင်း မျှသာ ဖြစ်ပါသည်။စိုက်ကာလမှာ ဝါဆိုလမှဝါခေါင်-တော်သလင်းလအထိဖြစ်ပါသည်။ စပါးကိုသာအဓိက ထားစိုက်ပျိုးကြပါသည်။

ဝင်းကြီးကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာအဖြစ် လက်တွန်းထွန်စက် (၃၀)စီး၊ ခွေလှေ့စက် (၂)လုံး၊ရေစုပ်စက်(၅၅)လုံးနှင့် မြက်ရိတ်စက် (၂၃)လုံးရှိပါသည်။ အချို့တောင်သူများသည် ငွေကြေးမတတ်နိုင်သဖြင့် ငှားရမ်းအသုံးပြုကြရပါသည်။ ရိတ်သိမ်း ခွေလှေ့စက်ကို တစ်ခါတစ်ရံမှသာ ငှားရမ်းအသုံးပြုကြပါသည်။ လယ်ယာသုံးစက်ကိရိယာ များကို ငှါးရမ်းလုပ်ကိုင်ကြပါသည်။

ကျေးရွာ၏သဘာဝ ရေမြေရာသီဥတု အနေအထားမှာ သင့်တင့်မျှတပါသည်။ လယ်ယာမြေ အသုံးချနိုင်မှုအခြေအနေမှာလည်းသင့်တင့်မျှရှိသော်လည်း ရာသီဥတုမမှန်သောကြောင့် နှစ်စဉ် ရေကြီးခြင်း ၊မိုးခေါင်ခြင်းများဖြစ်ပေါ်နေပါသည်။ ထို့ကြောင့်လယ်ယာမြေအသုံးချနိုင်မှုမှာ

အခက်အခဲများရှိခြင်းကြောင့် စိုက်ပျိုးသီးနှံများမကောင်း ခြင်းကြောင့် ရောင်းချရာတွင် စျေးကောင်းများမရကြပါ။ စိုက်ပျိုးရေးကို မိုးရာသီ၌သာရရှိပြီး ကျန်ရာသီများတွင် ရေမရသောကြောင့် သီးနှံများစိုက်ပျိုး၍မရနိုင်ပါ။ လယ်ယာမြေအသုံးချနိုင်မှုနည်းသောကြောင့် သီးနှံအထွက်နှုန်းများ ကျဆင်းရခြင်းဖြစ်ပါသည်။ ချေးငွေများကို ချေးရာတွင် အာမခံသူလက်မှတ်၊ မှတ်ပုံတင်များဖြင့် ချေးယူကြရပါသည်။ ထိုသို့ချေးယူရာတွင် ချေးငွေများလိုသလောက်မရခြင်း၊အတိုးနှုန်းများမြင့်ခြင်း တို့ကြုံတွေ့ကြရပါ သည်။ သဘာဝမြေဩဇာ၊ မြေဆွေးများ၊အော်ဂဲနစ်မြေဩဇာများနှင့် အခြားအော်ဂဲနစ် သွင်းအားစုများမှာ ဝယ်ယူ၍ရသော်လည်း ကြိုတင်မှာယူရခြင်း၊ အချိန်ကြာခြင်း၊ ခရီးဝေးခြင်းစသည့် အခက်အခဲများရှိပါသည်။

ဝင်းကြီးကျေးရွာတွင် နွားမွေးမြူသော အိမ်(၇၅)အိမ်၊ ကျွဲမွေးမြူသော အိမ်(၁၃) အိမ်၊ဆိတ်မွေးမြူသောအိမ်(၁)အိမ်၊ဝက်မွေးမြူသောအိမ်(၁၁၉)အိမ်နှင့်ကြက်မွေးမြူသောအိမ်(၈၁)အိ မ်၊ ဘဲမွေးမြူသောအိမ်(၁)အိမ် ရှိပါသည်။နွား(၂၃၅)ကောင်၊ကျွဲ (၃၅) ကောင်၊ ဆိတ် (၁)ကောင် ၊ ဝက် (၃၃၅)ကောင်နှင့် ကြက် (၆၇၉) ကောင်နှင့်ဘဲ(၅) ကောင်ရှိပါသည်။နွားနှင့်ကျွဲများကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်အသုံးပြုရန်မွေးမြူကြပါသည်။ ဝက်နှင့်ကြက်များကိုစားနပ်ရိက္ခာ အတွက် တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ ကျေးရွာတွင်ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်း မရှိပါ။

ဝင်းကြီးကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန် အ တွက် အခွင့်အလန်းအနေဖြင့် စားကျက်မြေအသင့်အတင့်ရှိပါသည်။ မွေးမြူရေးအတွက် ရေရရှိမှု မှာမလုံလောက်ပါ။ မွေးမြူရေးဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှုများ ကျေးရွာသို့လာရောက် သင်တန်း များပို့ချခြင်းဖြင့်ရရှိနိုင်ပါသည်။ မွေးမြူရေးအတွက် သွင်းအားစုများဝယ်ယူရနိုင်ပါသည်။ မွေးမြူရေး ထုတ်ကုန်များ ရောင်းချနိုင်ပါသည်။မွေးမြူရေးဆောင်ရွက်ရန်အတွက် အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက် မှုရှိပါသည်။

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် မျိုးကောင်း တိရစ္ဆာန်များမရှိခြင်း၊ အခြားဒေသများသို့သွားရောက်ဝယ်ယူရန် ခရီးဝေးခြင်း၊ လမ်းခရီး မကောင်းခြင်း၊ ချေးငွေလွယ်ကူစွာမရရှိခြင်း၊ နည်းပညာနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူမရနိုင်ခြင်း စသည့်ပြဿနာများရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် လုပ်သားအင် အားရရှိနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေသင့်တင့်မျှတခြင်း၊ လျှပ်စစ်မီးရရှိခြင်းစသည် အခွင့်အလန်း များရှိပြီး ဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်မရှိခြင်း၊စျေးကွက်ဆိုင်ရာအသိ အမြင်လုံးဝနားမလည်ခြင်း၊ ကုန်ကြမ်းမရှိခြင်း၊ ချေးငွေမရရှိခြင်း၊ အသက်မွေးဝမ်းကျောင်းနည်း ပညာဆိုင်ရာ နှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုမရရှိခြင်း၊ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်း၊ အလုပ်အ

ကိုင်အခွင့်အလန်းမရှိခြင်း စသည့်ပြဿနာနှင့်အခက်အခဲများရှိပါသည်။ စျေးကွက်ဆိုင်ရာ အသိအမြင်များလည်းအားနည်းနေသောကြောင့် အသိပညာပေး ရန်လိုအပ်နေပါသည်။ ချေးငွေများမှာအစိုးရစိုက်ဘဏ်ချေးငွေ တစ်မျိုးတည်းသာရှိပြီး ပြင်ပအဖွဲ့အ စည်းနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများမှ ချေးငွေများမရရှိသောကြောင့်အရင်အနှီးချေးငွေများ လိုအပ်နေကြောင်းလေ့လာတွေ့ရှိရပါသည်။ အသေးစားအလတ်စားစီပွါးရေးဆိုင်ရာဝန်ဆောင်မှုများမရှိပါ။ကျေး ရွာတွင်အခြားစီးပွါရေးလုပ်ငန်းရှင်များမရှိ၍အလုပ်အကိုင်အခွင့်အလမ်းနည်းပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ ကျေးရွာတွင် မိုးရာသီ၌ကောက်စိုက်ခြိန် နှင့်စပါးရိတ်ခြိန်များတွင်သာ အလုပ်အကိုင်ရှိပါသည်။ ငွေလိုလျှင်စပါးကိုရောင်းချသုံးစွဲကြသောကြောင့် အိမ်ထောင်စုများသည်နောက်ပိုင်း ဝမ်းစာမရှိသောအချိန် များတွင် စပါးတိုးငွေတိုးများကို အတိုးဖြင့်ချေးယူစာသုံးကြပါသည်။ ရွာတွင်မိရိုးဖလာလယ်ယာလုပ်ငန်းအပြင်အခြားအလုပ်အကိုင်အခွင့်အလမ်းမရှိသောကြောင့်ရွှေ့ပြောင်းသွားလာလုပ်ကိုင်သောအိမ် ထောင်စု ၄၉ အိမ်ရှိပါသည်။ ပြည်တွင်း၌သာသွားလာလုပ်ကိုင်ကြသည်ကိုလေ့လာတွေ့ရှိရပါသည်။ ရွှေ့ပြောင်းလုပ်သားများသည် ဝင်ငွေရသောအလုပ်လုပ်ကိုင်ရန်အခြားမြို့များသို့သွားရောက်လုပ်ကိုင်ကြပါသည်။မိမိတို့ရွာတွင် စီးပွားရေးအဆင်မပြေသောကြောင့် ခရီးထွက်အလုပ်လုပ်ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ရွာတွင်အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလှသဖြင့်ဝင်ငွေရသောအလုပ်လုပ်ကိုင်ရန် အလုပ်ရှိသောနေရာဒေသများသို့ ျသွားရောက်လုပ်ကိုင်ကြပါသည်။

(c) ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။ ။ကျွန်တော်တို့ရွာနှင့်အနီးဆုံးစျေးမှာရွာနှင့် (၅)မိုင်ခန့်အကွာရှိဝန်းသိုမြို့စျေးသို့သွားရောက်ရောင်းဝယ်ကြပါသည်။သယ်ယူပို့ဆောင်ရေးနည်လမ်းမှာ စက်ဘီး ၊ဆိုင်ကယ်တို့ဖြင့်သွားလာကြပါသည်။ ဝန်းသိုမြို့စျေးတွင် ပစ္စည်းများစုံသလောက်ရရှိနိုင်ပါသည်။စျေးအခြေခံအဆောက်အဦများမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကုန်စည်နှင့်ဝန်ဆောင်မှုရရှိနိုင်မှုမှာ စုံသလောက်ရှိသော်လည်း လိုအပ်သည့် ပစ္စည်းများ မရနိုင်ပါ။ အကြီးစားစျေးမှာကောလင်းစျေးဖြစ်ပါသည်။ကျေးရွာနှင့်မိုင်(၅)အကွာအဝေးတွင်တည်ရှိပြီး သယ်ယူပို့ဆောင်ရေးမှာ ကား၊ဆိုင်ကယ်၊ သုံးဘီးတို့ဖြင့်သွားလာ ကြပါသည်။ ကောလင်းစျေးတွင် မီးဖိုချောင်သုံးပစ္စည်းနှင့် အိမ်သုံးပစ္စည်း၊ အဝတ်အထည်နှင့် ဆောက်လုပ်ရေးပစ္စည်းများ ရရှိနိုင်ပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျန်တော်တို့ရွာရှိ တောင်သူလယ်သမားများသည် မြန်မာ့ စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှ ၆လအတွင်းကာလတိုချေးငွေဖြစ်၍တောင်သူများ၏အခက်အခဲကြောင့်အချိန်နောက်ကျမှဆပ်နိုင်ကြပါသည်။မြန်မာ့စိုက်ပျိုးရေးဘဏ်အတိုးနှုန်းမှာ(၂%)သာဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံပစ္စည်းအဖြစ်တင်ပြနိုင်မှသာချေးယူခွင့်ရရှိသည်။ရရှိလာသော စပါးများသည်မျိုးကောင်းမျိုးသန့်မဟုတ်သဖြင့် အရည်အသွေးမမှီခြင်း၊ စျေးကောင်းမရခြင်း၊ ရောင်းရငွေပမာဏနည်းခြင်းတို့ကြုံတွေ့ရပါသည်။ အလုပ်အကိုင်ရှားပါးချိန်များတွင် အပေါင်ခံပစ္စည်းများဖြင့် ငွေချေးလေ့ရှိပါသည်။ အတိုးနှုန်း(၅%)ရှိပါသည်။ ဝမ်းစာရေးအတွက် ချေးငွေများကို ကာလတို/ ကာလရှည်ယူကြပါသည်။

အဓိကပြဿနာမှာအတိုးနှုန်းများသောကြောင့်နေ့စား၊ကျပန်းလုပ်ကိုင်ရသူများအလွန်ပင် အခက်အခဲ ဖြစ်နေရပါသည်။သမဝါယမဦးစီးဌာနမှလည်းမတည်ရင်းနှီးငွေများ ထုတ်ချေးပေးပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာ၏ လယ်မြေမြေဆီဩဇာအခြေအနေမှာ အခက်အခဲရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ရွာရှိလယ်သမား
များသည်မိမိတို့ခြံဝင်းရှိနွားချေးများရနိုင်သလောက်ထည့်သွင်းအသုံးပြုကြသည့်အပြင်ဓာတုဓါတ်မြေ ဩဇာများကိုလည်းတတ်နိုင်သလောက်သုံးစွဲကြသည်ကိုတွေ့ရှိရပါသည်။စွန့်ပစ်ပစ္စည်းအမှိုက်များကို ကျေးရွာ၏ အနောက်ဘက်တွင်စွန့်ပစ်၍မီးပုံရှို့ခြင်းများကို ပြုလုပ်ကြပါသည်။ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုကြောင့်မြေဆီဩဇာနှင့်အပင်မျိုးစိတ်များ၊ဖျက်ပိုး၊ဖျက်ပိုးအန္တရာယ်များအတွက်အခက်အ ခဲရှိပါသည်။ဓါတ်မြေဩဇာသုံးစွဲမှုရှိသော်လည်း နည်းပညာမသိသောကြောင့် စနစ်တကျသုံးစွဲမှု မရှိသဖြင့် အန္တရာယ်ရှိသောအခြေအနေရှိပါသည်။ သစ်တောပြုန်းတီးခြင်းကြောင့် သဘာဝ တောရိုင်းတိရစ္ဆာန်များသည် ကျေးရွာစိုက်ခင်းများ သို့ဝင်ရောက်စားသောက်နေတတ်သဖြင့် ရွာသူ/သားများ သတိရှိရှိလုပ်ကိုင် ကြရပါသည်။

(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ဝင်းကြီးကျေးရွာတွင် ရွာသားများအားလုံး အနိမ့်ဆုံးမူလတန်းအဆင့်တတ်မြောက်ကြပြီး ကျန်ရှိသူများမှာအထက်တန်း အဆင့်အထိ တတ်မြောက်ကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာမှယခုလက်ရှိပညာသင် ကြားနေသူဦးရေမူလတန်းကျား(၃၃)၊မ(၃၄) ၊အလယ်တန်းကျား(၃၈)မ(၂၄) ၊ အထက်တန်းကျား(၁၁)၊မ(၁၄)၊တက္ကသိုလ်အဆင့်ကျား(၄)၊မ(၁၀) ရှိပါသည်။ ယခုတက်ရောက် နေသော ကျောင်းသားများအားလုံးကျောင်ထွက်သူမရှိအားလုံး ပညာဆက်လက် သင်ကြား လျှက်ရှိပါသည်။ကျွန်တော်တို့ရွာတွင်စာသင်ကျောင်းမရှိပါ။ရွာရှိ ကျောင်း သား/သူများသည် ရွာနှင့် (၁)မိုင်ကျော်ခန့်ကွာဝေးသော သင်တောအလယ်တန်း ကျောင်းသို့သွား ရောက်၍ပညာသင်ကြား ရပါသည်။ စာသင်ကျောင်းသို့စက်ဘီး၊ဆိုင်ကယ်တို့ဖြင့် သွားရောက်ပညာ သင်ယူကြပါသည် ။အထက်တန်းကျောင်းတက်လိုလျှင် ဝန်းသိုမြို့သို့သွားရောက်ကြရပါသည်။ အထက်တန်းကျောင်းသို့ သွားရာတွင် ခရီးဝေးကွာခြင်း၊ငွေကြေးမတတ်နိုင်ခြင်းများရှိပါသည်။ အချို့ကျောင်းသာများမှာ ဆက်လက်ပညာသင်ယူခြင်းမရှိတော့ပဲကျောင်းထွက်ကြသည်ကများပါသည်။ ကျွန်တော်တို့ရွာတွင် မူလတန်းကျောင်းရှိလျှင် ရွာသားများ၏ပညာရေးအလွန်အဆင်ပြေမည်ဖြစ်ပါသည်။ရွာတွင်မူလ တန်းကျောင်းရရှိလိုပါသည်။ ရွာတွင်မူလတန်းကျောင်းဆောင်ကိုလည်း ဆောက်လုပ်လိုပါသည်။ ရွာသားများ၏ စီးပွါးရေး၀င်ငွေအခြေအနေချို့ငဲ့လှပါသည်။ အသိပညာအတတ်ပညာ နည်းပါးကြ ပါသည်။ ကျောင်းပညာတတ်မြောက်သူနည်းနည်းသာသို့ အသက်မွေး၀မ်းကြောင်း အတတ်ပညာ လည်းမသိသလောက် နည်းလှပါသည်။ တချို့မှာ ကျောင်းမပျော်တော့ဘဲ အတန်းပညာကို ဆက်၍မသင်တော့ ပဲ ကွဲ၊ နွားကျောင်း၍ နေကြပါသည်။ လူကြီးများကလည်း နေ့စဉ် ကျောင်းပို့ကြို လုပ်ရသည်ကို အလုပ်ပိုလာ သဖြင့်ညီးညူလာကြသည်။

ဝင်းကြီးကျေးရွာရှိ ကျောင်းသား/သူများပညာသင်ကြားသော သင်တောကျေးရွာကျောင်းတွင် ဆရာ/ ဆရာမအင်အားနည်းပါးပါသည်။ ကျောင်းသားဦးရေနှင့်ဆရာ/ဆရာမအင်အား ညီမျှမှုမရှိပါ။ ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများလုံလောက်မှုမရှိပါ။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများလည်း ထောက်ပံ့မှုများမရှိပါ။

ဝင်းကြီးကျေးရွာရှိ ရွာသူရွာသားများ၏ကျန်းမာရေးကို အခြားရွာများသို့ သွားရောက်ကုသမှုခံယူကြပါသည်။ ဝန်းသိုမြို့နယ်ဆေးရုံသို့လည်း သွားရောက်ကုသမှုခံယူကြသူများလည်းရှိပါသည်။ ဝန်းသိုမြို့နယ်ဆေးရုံသို့ရွာနှင့်၅မိုင်ခန့်ကွာဝေးပါသည်။ ရွာနှင့်၁၀မိုင်အကွာရှိ ကောလင်းမြို့နယ်ဆေးရုံသို့လည်းသွာရောက်ကုသကြပါသည်။ ကျွန်တော်တို့ရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာအနီးတွင် ဆေးဆိုင်များမရှိသဖြင့် မြို့သို့သွားရောက်ဝယ်ယူကြရပါသည်။

ကျွန်တော်တို့ဝင်းကြီးကျေးရွာတွင် ရေတွင်း(၄၉)တွင်းရှိပြီး မိုးရာသီ၊ ဆောင်းရာသီများသာရေပေါ များ၍ နွေရာသီတွင် ရေတွင်းများခန်းလေ့ရှိပါသည်။ ရေတွင်းများရှိသော်လည်း ရေအရည်အသွေးစစ်ဆေးစမ်းသတ်ထားခြင်းမရှိသောကြောင့် သောက်သုံးရေမှာ ရှားပါးလှပါသည်။ သုံးရေလုံလောက်မှုရှိသော်လည်း သောက်ရေရှားပါးလှပါသည်။ ရွာနဘေးရှိ ချောင်းသည် မိုးရာသီတွင် ရေပေါများသော်လည်း နွေရာသီတွင် ရေနည်းပါးပါသည်။ သောက်သုံးရေအများစုသည် အပေါ်ရေဆီများပြင်နေသောကြောင့် သောက်သုံးရန်အခက်တွေ့ ပါသည်။

ဝင်းကြီးရွာသူ/သားများအားလုံးသည် ယင်လုံအိမ်သာများကိုသာ အသုံးပြုနေကြပါသည်။ ယင်လုံအိမ်သာမရှိသောအိမ်ထောင်စုမရှိပါ။

(စျ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျွန်တော်တို့ဝင်းကြီးကျေးရွာ၏ လမ်းများနှင့် ကျေးရွာချင်းဆက်သွားလာသောလမ်းများသည်မြေသားလမ်းများဖြစ်၍အရည်အသွေးမှာမကောင်းလှပါ။ မိုးရာသီတွင် ရွံ့ထူခြင်း၊ ဗွက်ထခြင်းချို့ခွက်များရှိသဖြင့် လမ်းချော်ခြင်း၊သွားလာရခက်ခြင်းများကြုံတွေ့နေရပါသည်။ရွာထဲလမ်းများနှင့်အဓိကလမ်းမကြီးသည်လူများ၊ဆိုင်ကယ်များသွားလာရာတွင် အလွန်ခက်ခဲလျှက်ရှိပါသည်။ ရွာတွင်းလမ်းကိုမြေသားလမ်းမှကျောက်ခင်းလမ်းအဖြစ်ဆောင်ရွက်လိုပါသည်။

ကျွန်တော်တို့ရွာအဝင်တွင် ကွန်ကရစ်တံတား(၁)စင်းရှိပါသည်။ကျေးရွာသူ/သားများစုပေါင်းဆောက်လုပ်ထားသောတံတားဖြစ်ပါသည်။ ကျေးရွာတွင်း ရေဆိုးထုတ်ပြွန်မှာ လမ်းဦးစီးဌာနမှ ချထားသည်မှာ နှစ်အတော်ကြာပြီဖြစ်သောကြောင့် ပတ်ကြားများအက်နေပြီး ထိုရေပိုက်ပြွန်ပေါ်မှ ဖြတ်သန်းသွားလာနေကြသဖြင့် အန္တရာယ်ရှိပါသည်။ သစ်သားတံတားသည် အခင်းများပျက်စီး နေပြီး တိုင်အောက်ခြေများ တံတားဘောင်များပျက်စီးနေပါသည်။

ကျွန်တော်တို့ရွာ၏ သယ်ယူပို့ဆောင်ရေးစနစ်မှာ စက်ဘီး၊သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်၊ ထော်လာကျီ၊ကား နှင့် နွားလှည်းများကိုသာ အများဆုံး အသုံးပြုပါသည်။ ဆိုင်ကယ်များကိုနေ့စဉ်အသုံးပြုနေကြရသော်လည်း သုံးဘီးဆိုင်ကယ်၊ထော်လာကျီနှင့် ကားများမှာ အလုပ်အကိုင်

ရှားပါးသဖြင့် အသုံးပြုရချိန်မှာနည်းပါးပါသည်။ နွားလှည်းကို မိုးတွင်းနှင့်ဆောင်းတွင်းတွင် အသုံးပြုကြရပါသည်။

ကျွန်တော်တို့ကျေးရွာတွင် မဟာဓါတ်အားလိုင်းကို စုစုပေါင်းအိမ်ထောင်စု(၁၄၅)အိမ် အသုံးပြုကြပါသည်။ (၂)အိမ်သည် ငွေကြေးမတတ်နိုင်သဖြင့် ဆိုလာမီးကိုသာအသုံးပြုကြရပါသည်။ မဟာဓါတ်အားလိုင်းသည် အခက်အခဲမရှိသော်လည်း လျှပ်စစ်နှင့်ပတ်သက်ပြီး ပြုပြင်ချင်လျှင် ကျေးရွာနှင့် အလှမ်းဝေးသဖြင့် ခေါ်ရန်အခက်အခဲများရှိပါသည်။

ကျွန်တော်တို့အင်ပင်ကျေးရွာတွင် ဆက်သွယ်ရေးတွင် ဖုန်း(၃၀၂)လုံး ၊ ရေဒီယို(၁၄)လုံး၊ တီဗွီ(၁၁၂) လုံး နှင့် ဂြိုလ်တု စလောင်း(၁၁၀)လုံး ပိုင်ဆိုင်ကြပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့ ကျေးရွာတွင် လူငယ်မောင်မယ်များသည် ရိုးရာဓလေ့ထုံးစံများနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်မှု နည်းပါသည်။ဘာသာရေးပွဲတော်များ၊ဘာသာရေးလုပ်ငန်းများတွင်အသင့်အတင့်ပါဝင်ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင်လူငယ်များ အသင့်အတင့်ပါဝင်ဆောင်ရွက်ကြပါသည်။ ကျွန်တော်တို့ရွာတွင် လူငယ်အားကစားကွင်းများ၊ ကာယလေ့ကျင့်ခန်းများ ဆောင်ရွက်ရန် နေရာအထောက်အကူပစ္စည်းများမရှိပါ။ လူငယ်များအနားယူအပန်းဖြေစရာပန်းခြံ၊ စာကြည့်တိုက်များ၊ လူငယ်ရိပ်သာများမရှိခြင်းတို့ကြောင့် လူငယ်များလေ့လာမှုတစ်ရပ် အားနည်းနေပါသည်။ ထိုအရာများအားလုံးမရှိခြင်းကြောင့်အသိပညာ၊ဗဟုသုတ၊စဉ်စားချင့်ချိန်နိုင်စွမ်းလျော့နည်းလာပြီး မူးယစ်ဆေးဝါးများကိုသုံးစွဲလာကြပြီးရွာသည်မဖွံ့ဖြိုးတော့ပဲဆင်းရဲလာကြပါသည်။လူငယ်များသည် သမရိုးကျ လယ်ယာများကိုမိဘများနှင့် အတူစိုက်ပျိုးကြပြီး စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းရှိသောအခြားမြို့များသို့သွားရောက်စီးပွားရှာကြသူများလည်းရှိပါသည်။ရွာတွင်လက်မှု ပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်းပြုသူရှားပါးသောကြောင့် လူငယ်များပျက်စီးဆုံးရှုံး နေရပါသည်။ရွာ၏လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့်အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊ အတတ်ပညာသင်တန်းပို့ချမှုနှင့် အခြားဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များ အမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(ဋ္ဌ) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူ့လုံခြုံရေး။ ။ ကျွန်တော်တို့အင်ပင်ကျေးရွာ၏ လုံခြုံရေးအခြေအနေမှာအသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။ ကျွန်တော်တို့ရွာတွင် ခိုးမှုမှာသာမန်သာရှိပြီး၊ မူးယစ်ဆေးဝါးသုံးစွဲသူအနည်းငယ်ရှိပါသည်။လူကုန်ကူးမှုနှင့်အကြမ်းဖက်လုယက်မှုများမရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့်ရှိပါသည်။လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များကို တက်ကြွ စွာပူးပေါင်းဆောင်ရွက်ကြပါသည်။စိုက်ပျိုးရေးအတွက်လယ်ယာမြေများရှိပြီးမြေဩဇာ အသင့်အတင့် ကောင်းမွန်ပါသည်။စားကျက်မြေများ၊မြေလွတ်မြေရိုင်းများပေါများခြင်းကြောင့် မွေးမြူရေးတွင်လည်းနွားကြက်၊ဝက်များကိုတိုးချဲ့မွေးမြူနိုင်ပါသည်။ ကျေးရွာသည်ကျေးရွာဖွံ့ဖြိုးမှု ကိုအထောက် အပံ့ဖြစ်စေသောအခြေအနေကောင်းမရှိသလောက်နည်းလှပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာရှိလယ်မြေများသည် မိုးရေခံလယ်များဖြစ်သဖြင့်မိုးရေကိုသာမှီခိုအား ထား၍စိုက်ပျိုးနေကြရပါသည်။စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်နေရသော်လည်း နည်း ပညာ၊ ဗဟုသုတတတ်မြောက်မှု အားနည်းကြပါသည်။ မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့လုပ်ဆောင် ရန်ချေးငွေမရှိပါ။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းကြောင့် စိုက်ပျိုးရာသီပြီးချိန်တွင် အခြားဒေသများသို့ သွားရောက်၍ ဝင်ငွေရှာဖွေကြရပါသည်။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ရန်အခွင့်အလမ်းရှိသော်လည်းနည်းပညာ၊ဗဟုသုတ၊ချေးငွေ၊စျေးကွက်များလက်လှမ်းမမှီကြ ပါ။လမ်း ပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် ထွက်ကုန်များအချိန်မှီစျေးကွက်သို့ မတင်ပို့ နိုင်ကြခြင်းသည် လည်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်နေပါသည်။ ထို့ပြင်မူးယစ်ဆေးဝါး သုံးစွဲသူများပြားလာခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံခြင်း၊ ကူးစက်ရောဂါရရှိသူ များပြားလာပြီး ဦးဆောင်နိုင်သော အမျိုးသားများ နည်းပါးလာခြင်းကြောင့် မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စား ကျပန်းများနှင့် အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများ၊ လှည့်လည်သွားလာ၍စျေးရောင်းရသူများ ပေါများလာခြင်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတားများ ဖြစ်နေပါသည်။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာ ဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်

အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ် ခဲ့ပါသည်။

က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူ ခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်း အားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လူမှုအခြေခံအဆောက်အဦးများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများ ကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ အထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ် ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာ အသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက် ရှိသော သီးနှံထုတ်ကုန်စျေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေး ကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေး စားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ် သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် ပညာရေးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်းများပြုလုပ်ဆောင်ရွက်သွားမည်။ တစ်ကိုယ်ရေ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့်ဝန်ဆောင်မှုများ ချိတ်ဆက် ခြင်းတို့ကို လုပ်ဆောင်ကြ ရပမည်။ ထို့အပြင်လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန်စာဖတ်အလေ့ အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများ နှင့်ချိတ်ဆက်ခြင်း၊စာပေဟောပြောပွဲ၊ဆွေးနွေးပွဲများဖန်တီးပေးခြင်း၊ လူငယ်စွမ်း ရည်မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊စာဖတ်ရန်အလေ့အထထွန်းကားရန် အသိပေးနှိုးဆော်ခြင်း၊ လူငယ် များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်း

ဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊တံတားများတည်ဆောက်ခြင်းများပြုလုပ်သွားခြင်းဖြင့် ကျေးရွာ ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့် ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေး ချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦ	၁။ ကျေးရွာတွင်းလမ်းကိုကျောက်ခင်းလမ်းပြုလုပ်ခြင်း	၆၆	၁		
၂။ ဘဏ်နှင့် ငွေကြေး	၂။ ချေးငွေရရှိရန် ဆောင်ရွက်ခြင်း	၆၅	၂		

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ရွာတွင်းလမ်းကိုမြေသားလမ်းမှ ကျောက်ခင်းလမ်းပြု လုပ်ခြင်း	၁		✓	✓		
၂	ချောင်ရေရှိရန်ဆောင်ရွက်ခြင်း	၃					✓

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	ရွာတွင်းလမ်းကိုမြေသားလမ်းမှ ကျောက် ခင်းလမ်းပြုလုပ်ခြင်း			✓		
၂	ချောင်ရေရှိရန်ဆောင်ရွက်ခြင်း					✓

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

